**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၀၀၆ /၂၀၂၀

ရက်စွဲ၊၂၀၂၀ – ပြည့်နှစ်၊ မတ်လ (၁၀) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၂၀-၂-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး-၂) (၃၀၉၄) / ၂၀၂၀

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၄-၂-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/၂၀၂၀ /(၁၆၅)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းနှင့် သက်ဆိုင်သည့် Pipeline Free Span Rectification လုပ်ငန်းများအား ရွှေပလက်ဖောင်းမှ near shore Kyaukphyu တစ်လျှောက် M.V PACIFIC RAPIER (Call Sign: 9V5943) ရေယာဉ်ဖြင့် (၁၆.၃.၂၀၂၀) ရက်နေ့မှ (၃၁.၃.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Pipeline Free Span Rectification near shore Kyaukphyu လုပ်ငန်းများ ဆောင်ရွက်မည့် ရေပြင်အကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| <u>Point</u> | <u>Latitude</u> | <u>Longitude</u> |
|---|---|---|
| A | 19˚ 29' 23.892" N | 93˚ 18' 50.292" E |
| B | 19˚ 26' 25.584" N | 93˚ 29' 55.248" E |
| C | 19˚ 25' 30.792" N | 93˚ 29' 33.000" E |
| D | 19˚ 28' 25.608" N | 93˚ 18' 26.784" E |

၃။ သို့ဖြစ်ပါ၍ (၁၆.၃.၂၀၂၀) ရက်နေ့မှ (၃၁.၃.၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန် ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

အောင်မင်းခန့်-ဒုတိယညွှန်ကြားရေးမှူး(SSE)